# Mobye People Defense Force

ကြေညာချက်အမှတ်၊ **၈ / ၂၀၂၁။** ရက်စွဲ။ **ဇူလိုင်လ (၁၀)ရက်၊ ၂၀၂၁ခုနှစ်**

## လျှပ်စစ်မီတာခ ကောက်ခံခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ချက်

၁။ ပြည်သူ့အစိုးရလက်ထက် Covid-19 ကမ္ဘာကပ်ရောဂါ ကာလမှာ လျှပ်စစ်မီတာခကောက်ခံရာတွင် ပြည်သူကို အမျိုးမျိုးငဲ့ညှာပြီး ကောက်ခံခဲ့ပါသည်။ ပြည်သူဆောင်လိုက်သော အခွန်မှာလည်း ပြည်သူထံသို့ အကျိုးရှိရှိ ပြန်လည်စီးဆင်းစေခဲ့ပါသည်။ ပြည်သူပိုင်သည့် လျှပ်စစ်မီးဟာ ပြည်သူ့အတွက်သာ ဖြစ်သည်။

၂။ အကြမ်းဖက်စစ်တပ်သည် ပြည်သူအသိအမှတ်မပြု၊ ကမ္ဘာကအသိအမှတ်မပြုသည့် လက်နက်ကိုင် အကြမ်းဖက် အုပ်စုသာဖြစ်သည်။ ပြည်သူ့အခွန်ဖြင့် ပြည်သူကို အနိုင်ကျင့်ဗိုလ်ကျသည့် အကြမ်းဖက်စစ်တပ်သည် အစိုးရမဟုတ်သလို၊ ပြည်သူများအနေဖြင့် အခွန်ပေးဆောင်စရာလည်း မလိုအပ်ပါ။

၃။ ပြည်သူလူထုအနေဖြင့် တရားမဝင် အကြမ်းဖက်စစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းမပြုဖို့ ကျွန်ုပ်တို့မှ အထူးတိုက်တွန်းလိုပါသည်။ **ပြည်သူကိုအကြမ်းဖက်သည့် လက်နက်ကိုင် စစ်သူပုန်တွေအတွက် ကျည်ဖိုး၊ လက်နက်ဖိုး ဖြစ်စေမည့် အခွန်မှန်သမျှကို ပြည်သူများ မထမ်းဆောင်သင့်ပါ။** တစ်ခဏတာ အမှောင်တွေကို တောင့်ခံထားနိုင်ရင် လင်းလက်တဲ့ မနက်ဖြန်တွေ ရောက်လာလိမ့်မယ်ဆိုတာ ပြည်သူတွေ လက်တွေ့ပြသဖို့ လိုပါတယ်။

၄။ မိုးဗြဲ လျှပ်စစ်ဌာန အကြီးအကဲများနှင့် ဝန်ထမ်းများသည် အကြမ်းဖက်စစ်တပ်နှင့် ပူးပေါင်းပြီး ပြည်သူလူထုကို အကြောင်းအမျိုးအမျိုးပြ၍ မီတာခ ကောက်ခံခြင်းမပြုလုပ်ဖို့ ကျွန်ုပ်တို့မှ လေးနက်စွာ အထူးတောင်းဆိုအပ်ပါသည်။

၅။ ပြည်သူလူထုကို ခြိမ်းခြောက်ပြီး နည်းအမျိုးမျိုးဖြင့် လျှပ်စစ်မီတာခ ကောက်ခံပါက ကျွန်ုပ်တို့ **မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF** အနေဖြင့် ပြည်သူဘက်မှ ရပ်တည်ပြီး အခြေအနေ အရပ်ရပ်ကို သုံးသပ်၍ လိုအပ်သလို ကိုင်တွယ်ဆောင်ရွက်သွားမည်ဟု အထူးသတိပေးထုတ်ပြန်လိုက်ပါသည်။

**– မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**

**သတင်းနှင့် ပြန်ကြားရေး။**